မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 23 , 2026 Volume 100 , Number 15

၂၃. ၃. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၂.၅၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၆.၄၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၃.၅၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၀.၅၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၀၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၈.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၃.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၇၁ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဈေးကွက်ရှိပြီးသား ရိုဘတ်စတာကော်ဖီကို ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်တွင် စိုက်ပျိုးသွားမည်



လာမည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဈေးကွက်ရှိပြီးသား ရိုဘတ်စတာကော်ဖီကို ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရပါတယ်။

အဆိုပါ ရိုဘတ်စတာကော်ဖီကို မြို့နယ် ၆ မြို့နယ်ရှိ ဧက ၁၀၀၀ ခန့်တွင် တစ်ဧကလျှင် ၄၃၅ ပင်နှုန်းဖြင့် မိုးရာသီမှစတင်၍ နှစ်အလိုက်လျာထားမှုနှင့်အညီ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ၎င်းဌာနမှသိရပါတယ်။

လက်ရှိမှာ ရိုဘတ်စတာကော်ဖီမျိုးစေ့ကို မိုးရာသီတွင် စတင်စိုက်ပျိုးရန် ပျိုးထောင်ထားရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုက်ကြီးမြို့နယ်၌ ဧက ၂၈၀ ၊ လှည်းကူးမြို့နယ်တွင် ဧက ၅၀၀ ၊ မှော်ဘီမြို့နယ်၌ ဧက ၁၀၀၊ တွံ့တေးမြို့နယ်၌ ဧက ၄၀ ၊ ကော့မှူးမြို့နယ်၌ ဧက ၆၀ နှင့် ကွမ်းခြံကုန်းမြို့နယ်၌ ဧက ၂၀ တို့ဖြင့် စုစုပေါင်း ဧက ၁၀၀၀ တွင် ကနဦးစတင်စိုက်ပျိုး၍ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရပါတယ်။

"ကော်ဖီက ရာသီဥတုနဲ့ ကိုက်ညီမှုမရှိရင် စိုက်ပျိုးလို့မရပါဘူး။ ဒါပေမဲ့သူက မြေနိမ့်ပိုင်းကော်ဖီမျိုးဖြစ်တဲ့အတွက် လာမဲ့ မိုးရာသီမှာ ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ် ၆ မြို့နယ်က ရော်ဘာ၊ သီဟိုဠ်နဲ့ မန်ဂျန်ရှား စိုက်ခင်း ၄၈,၇၀၇ ကေကျော်မှာ နှစ်ရှည် သီးညှပ်သီးနှံအဖြစ် လျာထားချက်နဲ့အညီ အပင်ပေါင်း ၂၀,၀၀၀ ကျော် စိုက်ပျိုးသွားမှာပါ။ ၅ နှစ်စိုက်ပျိုးဖို့အစီစဉ်ရှိတာကြောင့် တောင်သူတွေအတွက် ဝင်ငွေပိုရစေမဲ့ သီးနှံဖြစ်တဲ့ အပြင်တိုးချဲ့ စိုက်ပျိုးလိုတဲ့ တောင်သူတွေအတွက်လည်း အကျိုးဖြစ်ထွန်းစေမဲ့ နှစ်ရှည်ပင်

လည်းဖြစ်ပါတယ်”လို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးရာမှာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဧက ၁,၀၀၀၊ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် ဧက ၂,၅၀၀၊ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ဧက ၄,၀၀၀၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် ဧက ၅၅၀၀၊ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင် ဧက ၇၃၉၀ စသဖြင့် စုစုပေါင်းလျာထားဧက ၂၀,၃၉၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရပါတယ်။

ထို့ပြင် တောင်သူများ ပိုမိုစိတ်ဝင်စားလာပါက ပျိုးပင်များကို ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီပျိုးပင် ရရှိရန် ၆ လမှ ၁၂ လအထိ ပျိုးထောင်ရလေ့ရှိပြီး စတင်စိုက်ပျိုးချိန်မှ ၃-၄ နှစ်အကြာတွင် အသီးသီးကာ ခူးဆွတ်အခြောက်ခံ၍ ကော်ဖီစေ့ကို တိုက်ရိုက်ရောင်းချခြင်း၊ စက်ရုံသို့ပို့ဆောင်ရောင်းချခြင်း၊ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်းတို့ဖြင့် ပြည်တွင်းပြည်ပဈေးကွက်သို့ ရိုဘတ်စတာကော်ဖီများ ဖြန့်ချိနိုင်ကြောင်းလည်း သိရပါတယ်။

ရိုဘတ်စတာကော်ဖီပင်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၅၀၀ အောက် မြေနိမ့်ပိုင်းတွင် စိုက်ပျိုးနိုင်သောသီးနှံဖြစ်ပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိကာ အထွက်နှုန်းကောင်းသည့်သီးနှံဖြစ်ကြောင်း၊ အခါးဓာတ်နှင့် ကဖိန်းဓာတ်မြင့်မားမှုကြောင့် ကမ္ဘာ့ကော်ဖီဈေးကွက်တွင်လူကြိုက်များသော ကော်ဖီအမျိုးအစားဖြစ်ပြီး ကမ္ဘာ့ဝယ်လိုအားကောင်းမွန်မှုကြောင့် ယခု ၂၀၂၆ ခုနှစ်တွင် ဝယ်လိုအားနှစ်ဆတိုးလာမည်ဟု နိုင်ငံတကာဈေးကွက်မှ ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## မိုးရာသီ အစေ့ထုတ်ပြောင်းစိုက်ပျိုးမည့် ဧရိယာများအတွင်း တောင်ယာခုတ်ထွင် မီးရှို့ခြင်းများ မပြုလုပ်ရန် တားမြစ်ထား



မိုးရာသီအစေ့ထုတ်ပြောင်းစိုက်ပျိုးမည့် ဧရိယာများအတွင်း တောင်ယာခုတ်ထွင် မီးရှို့ခြင်းများမပြုလုပ်ရန်အတွက် မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေး ရေးလုပ်ငန်းမှတ်ပုံတင်ခြင်း ဆိုင်ရာ အစိုးရ-ပုဂ္ဂလိက လုပ်ငန်းအဖွဲ့မှ အသိပေးတားမြစ်ထားကြောင်း သိရပါတယ်။

အဆိုပါအသိပေးတားမြစ်ချက်အရ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူနှင့် PM2.5 လေထုညစ်ညမ်းခြင်းကို လျှော့ချနိုင်ရန် တောင်ယာခုတ်ထွင်မီးရှို့ခြင်း မပြုလုပ်သည့် ဒေသများမှ စိုက်ပျိုးထွက်ရှိသည့် အစေ့ထုတ် ပြောင်းများကိုသာ တင်သွင်းခွင့်ပြုနေကြောင်း သိရပါတယ်။

ထိုင်းနိုင်ငံအနေဖြင့်လည်း ၎င်းနိုင်ငံသို့တင်ပို့မည့် အစေ့ထုတ်ပြောင်းဆန်များကို စိုက်ပျိုးထွက်ရှိရာဒေသများတွင် တောင်ယာခုတ်ထွင်မီးရှို့ခြင်း ရှိ/မရှိကို စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံ မိုးလေဝသဌာန(ASEAN Specialized Meteorological Centre – ASMC)က ပေးပို့သည့် Fire Hotspot ဖြစ်ပေါ်တွေ့ရှိမှုများကို အခြေခံကာ နောက်ကြောင်းပြန် စိစစ်သည့် အစီအစဉ်များဖြင့် စနစ်တကျစိစစ်၍ မီးခိုးမြူကင်းစင်ကြောင်းထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အနေဖြင့် ထောက်ခံချက်များကို ထုတ်ပေးလျက်ရှိကြောင်း ပါရှိပါတယ်။

ထို့ကြောင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးမည့် တောင်သူများအနေဖြင့် အစေ့ထုတ်ပြောင်း (မိုး) စိုက်ရာသီမတိုင်မီ စိုက်ပျိုးမည့် ဧရိယာများအတွင်း တောင်ယာခုတ်ထွင် မီးရှို့ခြင်းကို လုံးဝ(လုံးဝ)ဆောင်ရွက်ခြင်းမပြုရန် အသိပေး တားမြစ်ထားကြောင်း သိရပါတယ်။

**Source : Myanmar FutureNews Agency**

## မန္တလေးတွင် လက်မှုပန်းအိုးပြုလုပ်ရောင်းချသူ ပြန်များလာ




သွပ်နန်းကြိုးများထည့်သွင်းထားသော ကတ္တီပါစများဖြင့်ပြုလုပ်ရသည့် လက်မှုပန်းအိုးများ ပြုလုပ်ရောင်းချသူ ပြန်လည်များပြားလာကြောင်း မန္တလေးဒေသခံများထံမှ သိရပါတယ်။

တရုတ်နယ်စပ်မှ အဓိကမှာယူတင်သွင်းရသည့် ကတ္တီပါစကုန်ကြမ်းပစ္စည်းများမှာ ပြီးခဲ့သည့်နှစ်ပိုင်းအတွင်းအခြေအနေအရ ကုန်သွယ်ရေးလမ်းကြောင်းများပြတ်တောက်ခဲ့သည့်အတွက် ပစ္စည်းပြတ်လပ်မှုများ ရှိလာကာပြုလုပ်ရောင်းချသူနည်းပါးခဲ့သော်လည်း လက်ရှိအချိန်တွင် ကုန်ကြမ်းပစ္စည်းများ ပြန်လည်ရရှိလာမှုကြောင့် လက်မှုပန်းအိုးများ ပြုလုပ်ရောင်းချသူ ပြန်များလာခြင်းဖြစ်တယ်လို့ သိရပါတယ်။

“အရင်းအနှီးသိပ်မများတဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးဆိုတော့ အခုလိုအလုပ်ရှားတဲ့အချိန်မှာ လုပ်တဲ့သူပြန်များလာတယ်။ ရောင်စုံပန်းပွင့်ပုံပြုလုပ်ထားတဲ့ လက်မှုအလှပန်းအိုးလေးတွေက ပြည်တွင်း ဈေးကွက်အပြင် တရုတ်ဈေးကွက်ကိုပါ ပြန်လည်တင်ပို့မှုတွေရှိလာတာကြောင့် လုပ်ကိုင်သူများလာတာ” လို့ ဒေသခံလက်မှုလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောပါတယ်။

အဆိုပါ လက်မှုပန်းအိုးများမှာ ကျွမ်းကျင်မှုအလိုက် လူတစ်ဦးလျှင်ပျမ်းမျှတစ်ရက်ကို ၃၀ မှ ၁၀၀ ကြားပြုလုပ်နိုင်ပြီး တစ်ခုလျှင်ငွေကျပ် ၁၀၀၀ မှ ၂၀၀၀ အထိ အမြတ်ရရှိနေကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ကျုံပျော်မြို့နယ်၌ ဒေသထွက် ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဒေသထွက် ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ကျုံပျော်မြို့နယ် ကုန်စိမ်းဈေးကွက်၌ မတ်လဒုတိယပတ်မှစ၍ လက်ရှိအချိန်ထိ ဒေသထွက်ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၄၅,၀၀၀ မှ ၆၀,၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“ကျုံပျော်မြို့နယ်ကနေထွက်ရှိတဲ့ ခဝဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတာပါ။ လက်ရှိ တစ်ရက်ကို ခဝဲသီးအလုံးရေ ၆၀,၀၀၀ လောက်အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေးလည်းကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်မှု လည်းရှိတယ်။ အခုလို ဒေသထွက် ခဝဲသီးတွေဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူတွေ ပိုမိုအဆင်ပြေလာကြပါတယ်'' ဟု ၎င်းကပြောသည်။

ကျုံပျော်မြို့နယ်၌ လက်ရှိတွင် ခဝဲသီးအပါအဝင် ဒေသထွက် ရာသီကုန် ဟင်းသီးဟင်းရွက်များ ထွက်ပေါ်နေသည့်အချိန်ဖြစ်ကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ပင်းတယမြို့နယ်ရှိ လက်ဖက်ပင်စိုက်ခင်းများမှ ရွှေဖီမိုးလွတ် လက်ဖက်ရွက်နုများ စတင်ခူးဆွတ်



ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများ၌ အနံ့အရသာ အကောင်းဆုံး လက်ဖက်အမျိုးအစားဖြစ်သော ရွှေဖီမိုးလွတ်လက်ဖက်ရွက်နုများကို ယခုအချိန်တွင်စတင်ခူးဆွတ်နေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါ ရွှေဖီမိုးလွတ်လက်ဖက်ရွက်နုများကို နှစ်စဉ်ဧပြီလထဲတွင် ခူးဆွတ်ကြပြီးလျှင် ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ လာရောက်လည်ပတ်ဖူးမြော်ကြသည့် မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးဧည့်သည်များထံရောင်းချကြကြောင်း၊ မြို့နယ်အတွင်းရှိဈေးများနှင့် မြန်မာနိုင်ငံရှိမြို့ကြီးများသို့လည်း တင်ပို့ရောင်းချကြသည်။

ရွှေဖီမိုးလွတ်လက်ဖက်ရွက်နုများမှာအရသာအထူးကောင်းမွန်၍ တစ်နှစ်ပတ်လုံးထွက်ရှိသည့် လက်ဖက်ရွက်နုများထဲတွင် အကောင်းဆုံး အမျိုးအစားဖြစ်ကြောင်းနှင့် လက်ဖက်ခြံများမှ ရွှေဖီမိုးလွတ်လက်ဖက်ရွက်နုစိမ်းများကို ခူးဆွတ်ရရှိပြီးနောက် ရွက်စိမ်းများအား ရွှေဖီမိုးလွတ်လက်ဖက်ခြောက်အဖြစ် နေလှန်း၍ ရွက်ကြမ်း၊ ရွက်နု၊ ရွက်ညွန့်ခြောက်များ ခွဲခြား၍ ပို့ဆောင်ရောင်းချကြကြောင်း သိရသည်။

ထို့ပြင် လက်ဖက်စိုက်ခင်းများကိုတောင်ပေါ်ကြီးကျေးရွာအုပ်စုရှိ ကျေးရွာများ၊ သရက်ကုန်းကျေးရွာအုပ်စုရှိ ကျေးရွာများ၊ ထွက်နီကျေးရွာ အုပ်စုရှိကျေးရွာများ၊ ပန်းစစ်ကျေးရွာအုပ်စုရှိ ကျေးရွာများ၊ ကူးကော်ကျေးရွာအုပ်စုရှိ ကျေးရွာများ၊ ရေဖြူကျေးရွာအုပ်စုရှိ ကျေးရွာများနှင့်ညောင်ကောက်ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် အများအပြားစိုက်ပျိုးကြပြီး အခြားရပ်ကွက်နှင့် ကျေးရွာများတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြကြောင်း လက်ဖက်စိုက်ပျိုးသော တောင်သူများထံမှသိရသည်။

**Source :** https://myawady.net.mm/

## သဘာဝဓာတ်ငွေ့တင်ပို့မှုအသစ်သည် ထိုင်းနိုင်ငံသို့ ဦးတည်လာလျက်ရှိ

ထိုင်းနိုင်ငံသည် ပူပြင်းသောရာသီတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်တက်နေသဖြင့် ပြည်ပမှသဘာဝဓာတ်ငွေ့ရည် (LNG) တင်ပို့မှုအသစ်ကို လက်ခံရရှိရန်စီစဉ်နေကြောင်း အမည်မဖော်လိုသူ စွမ်းအင်အရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အကြမ်းဖျင်းအားဖြင့် တင်သွင်း LNG ၏ ၂၈-၃၀ ရာခိုင်နှုန်းသည် အမေရိကန်-အီရန်ပဋိပက္ခကြောင့် ပိတ်ထားဆဲဖြစ်သော ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းသွားကြောင်း၊သို့သော်လည်း ထိုင်းနိုင်ငံသို့တင်ပို့သည့် သင်္ဘောအချို့သည် ရေလက်ကြားကို ရှင်းလင်းထားခဲ့ပြီး လမ်းကြောင်းပေါ်ရှိနေပြီဖြစ်ကြောင်း၊ လက်ရှိအရန်လောင်စာများကို ဧပြီလကုန်အထိခံနိုင်ရန် မျှော်လင့်ထားပြီး ထောက်ပံ့မှုအနှောင့်အယှက်များကို တားဆီးပေးပါကြောင်း၊ ပထဝီနိုင်ငံရေးဆိုင်ရာ ဘေးအန္တရာယ်များကို တုံ့ပြန်သည့်အနေဖြင့် စွမ်းအင်ထိန်းချုပ်ရေးကော်မရှင်(ERC)သည် အရှေ့အလယ်ပိုင်းမှ ထောက်ပံ့ရေးအရင်းအမြစ်များကို ခွဲခြား ဆောင်ရွက်စေရန် ပြည်တွင်းဓာတ်ငွေ့တင်ပို့သူ ၇ ဦးကိုညွှန်ကြားခဲ့ကြောင်း၊ အဆိုပါကုမ္ပဏီများတွင် အမျိုးသားရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းစု PTT Plc နှင့်၎င်း၏လုပ်ငန်းခွဲ PTT Global LNG၊ ထိုင်းနိုင်ငံ လျှပ်စစ်ထုတ်လုပ်ရေးအာဏာပိုင် အဖွဲ့(Egat)၊ Gulf Development Plc၊ Hin Kong Power Holdings Co၊ B.Grimm Power Plc၊ Electricity Generating Plc နှင့် Siam Cement Plc တို့ပါဝင်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် အရှေ့အလယ်ပိုင်းမှ သွင်းကုန်များအပေါ် မှီခိုအားထားမှုကို လျှော့ချရန်အတွက် အာဖရိက၊ အာရှ-ပစိဖိတ်နှင့် အမေရိကန်တို့ရှိ LNG ထုတ်လုပ်မှုအရင်းအမြစ်အသစ်များကို အရေးပေါ်ရှာဖွေလျက်ရှိကြောင်း၊ ရာသီဥတုဖောက်ပြန်မှုပိုမိုဆိုးရွားလာကာလျှပ်စစ်ဓာတ်အားလိုအပ်ချက်စံချိန်တင်မြင့်မားလာမည်ဟုမျှော်မှန်းထားသည့်ပူပြင်းသော ရာသီအတွင်းစွမ်းအင်တည်ငြိမ်မှုကို ထိန်းသိမ်းရန် အစားထိုးပေးသွင်းသူများအား သေချာစေရန် အရေးကြီးကြောင်း၊ အပူချိန်မြင့်တက်လာသည်နှင့်အမျှ လောင်စာပိုမိုစားသုံးရန်မျှော်လင့်ထားသည့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများအတွက် လုံလောက်သောထောက်ပံ့မှုရရှိစေရန် လောင်စာစီမံခန့်ခွဲမှုကို စောင့်ကြည့်နေသည်ဟု Egat မှ အတည်ပြုပြောကြားခဲ့ကြောင်း၊ ERC သည်အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် LNG ကုန်ကျစရိတ်များမြင့်တက်လာခြင်း၏အကျိုးသက်ရောက်မှုကိုလျော့ပါးသက်သာစေရန် စက်သုံးဆီဈေးနှုန်းလမ်းကြောင်းများကို ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ LNG ဈေးနှုန်းများသည် ဗြိတိန်အပူယူနစ်(BTU)တစ်သန်းလျှင် အမေရိကန်ဒေါ်လာ ၂၃-၂၄ သို့မြင့်တက်သွားခဲ့ပြီး၊ ယခင်နှစ်၏ ပျမ်းမျှ BTU တစ်သန်းလျှင် အမေရိကန်ဒေါ်လာ ၁၁-၁၃ ၏ နှစ်ဆနီးပါးရှိကြောင်း သိရသည်။

သက်ရောက်မှုကို ကာကွယ်ရန်အတွက် ERC သည် LNG ထက် ပိုဈေးသက်သာသော ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးကဲ့သို့သော အစားထိုးလောင်စာများ လုံခြုံစေရန် Egatနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ERC ၏အချက်အလက်များအရ သဘာဝဓာတ်ငွေ့သည် ထိုင်းနိုင်ငံ၏ ဓာတ်အား ထုတ်လုပ်ရေးပေါင်းစပ်မှု၏ ၅၈ ရာခိုင်နှုန်းဖြစ်ပြီး၊ လာအိုမှ လျှပ်စစ်ဓာတ်အားတင်သွင်းမှု ၁၄ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၁၃ ရာခိုင်နှုန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၁၂ ရာခိုင်နှုန်း ၊ ရေအားလျှပ်စစ်နှင့်ရေနံ ၃ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ ဓာတ်ငွေ့အပေါ် အလွန်အမင်းမှီခိုအားထားမှုသည် စွမ်းအင်လုံခြုံရေးကို ကာကွယ်ရန် လောင်စာဆီရင်းမြစ်များကို ကွဲပြားစေသည့် အရေးတကြီးလိုအပ်မှုကို အလေးပေးဖော်ပြထားကြောင်း၊ ထိုင်းနိုင်ငံ၏ လျှပ်စစ်ဓာတ်အားကဏ္ဍအတွက် LNG သည် အရေးကြီးသော်လည်း အစိုးရသည် အရှေ့အလယ်ပိုင်းပဋိပက္ခအတွင်း ကုန်ကျစရိတ်သက်သာသော အခြားရွေးချယ်စရာများကို ဦးစားပေးလုပ်ဆောင်နေကြောင်း၊ ရေအားလျှပ်စစ်နှင့်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတအကျိုးကျေးဇူးနည်းသော်လည်း ထုတ်လုပ်မှုစရိတ်သက်သာပြီး လျှပ်စစ်ဈေးနှုန်းများတည်ငြိမ်စေရန် ကူညီပေးနိုင်ကြောင်း စွမ်းအင်အရာရှိ၏ ပြောကြားချက်အရ သိရသည်။

**Source:** https://www.bangkokpost.com/business/general/3218335/new-gas-shipment-heading-to-thailand

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## အမေရိကန်သမ္မတထရမ့်၏ တစ်ပြေးညီ အကောက်ခွန် ၁၅ ရာခိုင်နှုန်း က အာရှ-ပစိဖိတ်ဒေသအချို့အပေါ် အကျိုးရှိနိုင်

သမ္မတထရမ့်၏ တစ်ပြေးညီအကောက်ခွန် ၁၅ ရာခိုင်နှုန်းသည် ယခင်ကနိုင်ငံအလိုက် သီးခြားသတ်မှတ်ထားသောမြင့်မားသည့်အခွန်နှုန်းထားများနှင့် ရင်ဆိုင်နေရသည့် အာရှ-ပစိဖိတ်ဒေသများအတွက် သက်သာစေနိုင်ကြောင်း၊ အကောက်ခွန်စံနှုန်းအသစ်အရ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံအချို့သည် အကျိုးအမြတ်အများဆုံးဖြစ်ပြီး၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့၏ လက်ရှိအခွန်နှုန်းထားများသည် ၁၅ ရာခိုင်နှုန်း နီးပါးရှိသောကြောင့် သက်ရောက်မှုအနည်းငယ်သာရှိနိုင်ကြောင်း စီးပွားရေးသုတေသနကုမ္ပဏီ Moody's Analytics ကို ကိုးကား၍ The Economic Times တွင် ဖော်ပြထားသည်။

အမေရိကန်တရားရုံးချုပ်က သမ္မတထရမ့်၏ နိုင်ငံအလိုက် သီးခြားအခွန်နှုန်းထားများကို ပယ်ဖျက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ထရမ့်က ရက်ပေါင်း ၁၅၀ အတွင်း သွင်းကုန်အားလုံးအပေါ် ယာယီအခွန် ၁၀ ရာခိုင်နှုန်းနှင့် နောက်ပိုင်းတွင် ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် လမ်းညွှန်ခဲ့သည်။ သို့သော် အခွန်တိုးမြှင့်မှုနှင့်ပတ်သက်သည့် တရားဝင်ကြေညာချက်ကို မထုတ်ပြန်ရသေးပါ။

Moody ၏ သုံးသပ်ချက်အရအမေရိကန်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် အိန္ဒိယနှင့်အင်ဒိုနီးရှားအပါအဝင် အမေရိကန်နှင့် လက်ရှိဆောင်ရွက်နေသော ကုန်သွယ်ရေးသဘောတူညီချက်များအပေါ် မသေချာမရေမရာမှုများဖြစ်ပေါ်စေကြောင်း၊ အိန္ဒိယအား ရုရှားရေနံဝယ်ယူမှုများကိုလျှော့ချရန်နောက်ဆုံးအချိန်နှင့် အင်ဒိုနီးရှားမှအကောက်ခွန်လွတ်တင်ပို့နိုင်သည့် အထည်အလိပ်ပမာဏစသည့်အဓိကအချက်များမှာ မပြီးပြတ်သေးကြောင်း၊ အိန္ဒိယကလည်း ဝါရှင်တန်ခရီးစဉ်ကို ရွှေ့ဆိုင်းထားကြောင်း ဖော်ပြထားသည်။

အမေရိကန်တရားရုံးချုပ်က နိုင်ငံအလိုက် အခွန်နှုန်းထား ခွဲခြားသတ်မှတ်ခြင်းကို ပိတ်ပင်လိုက်ခြင်းသည် အမေရိကန်၏ ညှိနှိုင်းရေးလက်နက်တစ်ခုကို ထိခိုက်ခြင်းဖြစ်ပြီး မကြာမီပြုလုပ်မည့် သမ္မတထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့အကြား ကုန်သွယ်ရေးဆွေးနွေးပွဲတွင်လည်း အမေရိကန်အတွက် အားနည်းစေနိုင်ကြောင်း၊ သမ္မတထရမ့်သည် ဥပဒေအရ ရှုံးနိမ့်ခဲ့သော်လည်း အခွန်နှုန်းထား တိုးမြှင့်ရန် စီမံခန့်ခွဲမှုနည်းလမ်းများကို ဆက်လက်ရှာဖွေလိမ့်မည်ဖြစ်ကြောင်း Moody’s က ခန့်မှန်းထားသည်။

အကယ်၍ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မတိုင်မီက အခွန်နှုန်းထားများထက်နိမ့်၍ကောက်ခံရန် အတည်ဖြစ်သွားပါကလည်း ကမ္ဘာ့ကုန်သွယ်ရေးတွင် မသေချာရေမရာမှုများနှင့် လုပ်ငန်းလည်ပတ်မှုအခက်အခဲများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း၊ ကုမ္ပဏီများက ယခင်ပေးဆောင်ခဲ့သော အကောက်ခွန်များကို ပြန်လည်တောင်းခံခြင်း၊ အမေရိကန်သွင်းကုန်လုပ်ငန်းရှင်များက တရားရုံးဆုံးဖြတ်ချက်ကို ယာယီအဖြစ် လက်ခံပြီး အခွန်နှုန်းများမတိုးမြှင့်မီ ကြိုတင်တင်သွင်းမှုများ (Front Loading) ကို အလျင်အမြန်လုပ်ဆောင်နိုင်ကြောင်းအစီရင်ခံစာကဖော်ပြထားသည်။

**Source:TheEconomicTimes**

https://commerce.gov.mm

## STOCK EXCHANGE (23.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Mar. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,924 (Shares) | 75,420,600 (MMK) |

**Stock trading**

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 15,500 | +0 | +0.00% | 16,000 | 16,000 | 15,500 | 61 | 958,000 | 33,109,694 | 513,200 |
| MTSH | 00002 | 6,400 | +0 | +0.00% | 6,300 | 6,400 | 6,300 | 8,843 | 56,511,500 | 38,929,150 | 249,147 |
| MCB | 00003 | 9,000 | -1,000 | -10.00% | 10,000 | 10,000 | 9,000 | 87 | 813,600 | 10,400,986 | 93,609 |
| FPB | 00004 | 4,200 | +0 | +0.00% | 4,300 | 4,300 | 4,100 | 1,925 | 8,084,000 | 29,664,613 | 124,591 |
| TMH | 00005 | 3,350 | -50 | -1.47% | 3,350 | 3,350 | 3,350 | 108 | 361,800 | 12,823,224 | 42,958 |
| EFR | 00006 | 1,950 | +50 | +2.63% | 1,900 | 1,950 | 1,900 | 3,279 | 6,266,300 | 19,977,223 | 38,956 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 30 | 120,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,900 | +0 | +0.00% | 3,900 | 3,950 | 3,900 | 591 | 2,305,400 | 23,804,946 | 92,839 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Mar. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 634.77 | -5.32 | -0.83% | 648.04 | 649.69 | 634.77 | 14,924 | 75,420,600 | 8 | 1,197,290 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Mar. 2026

| Trading Volume | Trading Value |
|---|---|
| 15,171 (Shares) | 77,911,000 (MMK) |

## Main Board

As of 1:00 pm, 23rd Mar. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,924 (Shares) | 75,420,600 (MMK) |

| MYANPIX | 634.77 ▼ 5.32 |
|---|---|
| Total Volume (shares) | 14,924 |
| Total Value (MMK) | 75 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,197,290 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 15,500 | ▲0 |
| MTSH | 00002 | 6,400 | ▲0 |
| MCB | 00003 | 9,000 | ▼1,000 |
| FPB | 00004 | 4,200 | ▲0 |
| TMH | 00005 | 3,350 | ▼50 |
| EFR | 00006 | 1,950 | ▲50 |
| AMATA | 00007 | 4,000 | ▲0 |
| MAEX | 00008 | 3,900 | ▲0 |